**(၅) မြစ်ဆွေးမြစ်ခြောက်ရောဂါ (Dry Root rot of Cotton)**

**ရောဂါဖြစ်စေသောသက်ရှိ - (၁) *Rhizoctonia bataticola* (Taubenh.) E. J. Butler**

**(၂) *Rhizoctonia solani* J.G. Kühn, 1858**

**ရောဂါလက္ခဏာများ**

အပင်များရုတ်တရက်ညှိုးလာခြင်းသည် ရောဂါ၏ ပထမဆုံး မြင်တွေ့ရသော လက္ခဏာ ဖြစ်ပြီး တစ်ပင်လုံးရှိအရွက်များ ငိုက်ကျနေတတ်သည်။ ရောဂါဆိုးရွားပါက အရွက်များအားလုံးခြောက်ပြီး ကြွေကျတတ်သည်။ ညှိုးနေသောအပင်များအား နေရာကွက်ကြား အစုလိုက်တွေ့ရသည်။ စိုက်ခင်းအတွင်း အပင်များညှိုးနေခြင်းသည် အမြစ်များပုပ်၍ ရေနှင့်အဟာရဓါတ်များ အပင်၏အပေါ်ပိုင်းသို့ ရောဂါ၏ နောက်ပိုင်းအခြေအနေဖြစ် သည်။ အပင်အားဆွဲနှုတ်ကြည့်ပါက လွယ်ကူစွာနှုတ်ယူနိုင်ပြီး အခေါက်များသည် အခြား ကျန်းမာ သန်စွမ်းသော အပင်များနှင့်နှိုင်းယှဉ်ပါက အဝါရောင်ပြောင်းနေသည်။ အခေါက် များ ဖွာနေတတ်သည်။







**ကာကွယ်နှိမ်နင်းနည်းများ**

- မြေဆောင်ရောဂါဖြစ်သည်။
- ခံနိုင်ရည်ရှိသောမျိုးကိုအသုံးပြုပါ။

- ရောဂါကင်းသော၊ ကျန်းမာသန်စွမ်းသောမျိုးစေ့ကိုစိုက်ပျိုးပါ။
- ထယ်နက်နက်ထိုးထားပြီးနွေထယ်ရေးခံပါ။
- ပင်ကြွင်းပင်ကျန်များကိုဖယ်ရှားပါ၊ မီးရှို့ဖျက်ဆီးပါ။
- ထရိုင်ကိုဒါးမား မှိုကိုမြေပြင်စဉ်တွင် ထည့်သွင်းအသုံးပြုပါ။
- ရောဂါနှစ်စဉ်ဆက်တိုက်ကျရောက်ပါက " ဝါ " မဟုတ်သောအခြား သီးနှံ များနှင့်သီးလှည့်စနစ်ဖြင့်အနည်းဆုံး (၃-၄ )နှစ်ခြား၍ စိုက်ပါ။
- ရောဂါကျရောက်ပါကအောက်ပါမှိုသတ်ဆေးတစ်မျိုးမျိုးဖြင့် အပင်ခြေရင်းသို့ရွှဲရွဲပက်ဖျန်းပါ။
- Thiophanate–methyl)( သိုင်အိုဖါနိတ်မီသိုင်း)
- Tebuconazole (တက်ဗျူကိုနာဇိုး)
- Propiconazole (ပရိုပီကိုနာဇိုး)
- Validamycin (ဗယ်လီဒါမိုင်စင်)
- Captan (ကက်ပ်တန်)
- Hymexazol (ဟိုင်မက်ဇာဇိုလ်း)